မြန်မာနိုင်ငံသားများဘဏ်
MCB
Myanmar Citizens Bank

+951 255 883, 255 885
info@mcb.com.mm
www.mcb.com.mm

ရက်စွဲ - ၂၀၁၉ ခုနှစ်၊ မတ်လ၊ (၁၅)ရက်

**Myanmar Citizens Bank Ltd (MCB) နှင့် MoneyGram ငွေလွှဲအဖွဲ့အစည်းတို့ လုပ်ငန်းဆောင်ရွက်ရန် သဘောတူလက်မှတ်ရေးထိုးခြင်း**

၁။ မြန်မာနိုင်ငံသားများဘဏ်နှင့် MoneyGram ငွေလွှဲလုပ်ငန်းသည် ၂၀၁၃ ခုနှစ်၊ မေလ မှစတင်၍ Inbound Remittance ဆောင်ရွက်ရန် အတွက် (၅) နှစ်စာချုပ် ချုပ်ဆိုခဲ့ပါသည်။ ယခုအခါ (၅) နှစ် သက်တမ်းပြည့်၍ ဒုတိယအကြိမ်စာချုပ်ကို ၃.၇.၂၀၁၈ ခုနှစ်တွင် ထပ်မံ၍ (၃) နှစ်စာချုပ် ချုပ်ဆိုခဲ့ပါသည်။ (၃) နှစ်စာချုပ် ချုပ်ဆိုချိန်တွင် Inbound Remittance သာမက Outbound Remittance ကိုလည်း ထပ်မံ၍ ဆောင်ရွက်မည် ဖြစ်ပါသည်။ မြန်မာနိုင်ငံသားများဘဏ်အနေဖြင့် စာချုပ်ချုပ်ဆိုပြီး ငွေလွှဲအဖွဲ့အစည်းများထဲမှ ပထမဆုံးအဖြစ် Outbound Remittance လိုင်စင်ကို ဗဟိုဘဏ်မှ ၂၄.၈.၂၀၁၈ နေ့တွင် ခွင့်ပြုမိန့်ရရှိခဲ့သောဘဏ် ဖြစ်ပါသည်။

၂။ MoneyGram ငွေလွှဲအဖွဲ့အစည်းသည် အမေရိကန်နိုင်ငံအခြေစိုက် ဗဟိုဘဏ်မှ လိုင်စင်ရရှိ ထားသည့် ငွေလွှဲအဖွဲ့အစည်းဖြစ်ပါသည်။ Remittance အဖွဲ့အစည်းပေါင်း (၁၉၇) ဖွဲ့နှင့် Service Location ပေါင်း (၂၉၃,၀၀၀) နေရာရှိသော ငွေလွှဲအဖွဲ့အစည်းတခု ဖြစ်ပါသည်။ ထိုအဖွဲ့စည်းနှင့် မြန်မာနိုင်ငံသားများဘဏ်တို့ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံရပ်ခြား တိုင်းပြည်များတွင် သွားရောက်လုပ်ကိုင်နေသော မြန်မာနိုင်ငံသားများအတွက် ငွေလွှဲအဝင် အထွက်များကို လွယ်ကူလျှင်မြန်စွာ ဆောင်ရွက်နိုင်ပြီ ဖြစ်ပါသည်။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်